www.athanmyanmar.org

ဒီဇင်ဘာ၊ ၂၀၂၅။

မြန်မာနိုင်ငံ၏

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ညွှန်းကိန်းစစ်တမ်း

မြန်မာနိုင်ငံ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ညွှန်းကိန်းစစ်တမ်း (ဒီဇင်ဘာ၊ ၂၀၂၅)။ ၂

၁။ နိဒါန်း ၂

၂။ စစ်တမ်း၏ ရည်ရွယ်ချက် ၃

၃။ သုတေသန နည်းနာ ၄

၄။ စိန်ခေါ်မှုများ ၅

၅။ တွေ့ရှိချက်များ ၅

၅။ (က) ဖြေဆိုသူများ၏ နောက်ခံအချက်အလက်များ ၅

၅။ (ခ) လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်နှင့် အာဏာပိုင်များ၏ သဘောထား ၈

၅။ (ဂ) သတင်းလွတ်လပ်ခွင့် အခြေအနေ ၁၃

၅။ (ဃ) ပြည်သူများ၏သတင်းအချက်အလက်ရယူပိုင်ခွင့်အပေါ် အာဏာပိုင်များ၏ အခန်းကဏ္ဍ ၁၈

၅။ (c) ပိတ်ပင်ကန့်သတ်ချက်များအပေါ် တုံ့ပြန်မှုများ ၂၁

၅။ (စ) ဖြေဆိုသူများ၏ သဘောထားမှတ်ချက်များ ၂၃

၆။ ဆွေးနွေးချက် ၂၃

၇။ နိဂုံးချုပ် ၂၄

၈။ အကြံပြုချက်များ ၂၅

၉။ ကိုးကား 25

မြန်မာနိုင်ငံ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ညွှန်းကိန်း စစ်တမ်း (ဒီဇင်ဘာ၊ ၂၀၂၅။)

၁။ နိဒါန်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (Freedom of Expression) သည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ လူတစ်ဦးချင်း၏ အမြင်၊ အယူအဆနှင့် သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူပိုင်ခွင့်တို့ကို ထောက်ခံပေးသည်။[1] မြန်မာနိုင်ငံတွင် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနောက်ပိုင်း လွတ်လပ်စွာ ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့်များကို စစ်တပ်က ပြင်းထန်စွာ ထိန်းချုပ်ကန့်သတ်လာခဲ့သည်။ တဦးချင်းစီ၏ ထင်မြင်ချက်နှင့် ယုံကြည်ချက်များကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခဲ့ကြသည့် သတင်းထောက်များ၊ အနုပညာရှင်များအပြင် သာမန် အရပ်သားပြည်သူများစွာတို့သည် စစ်တပ်၏ မတရားအရေးယူမှုကို ခံခဲ့ကြရသည်။[2]

အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်သည့် Freedom House ၏ ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်မှု ညွှန်းကိန်း (၂၀၂၄) အရ မြန်မာနိုင်ငံသည် “မလွတ်လပ်သောနိုင်ငံ” တခုဖြစ်ပြီး အမှတ်ပြည့် (၁၀၀) တွင် အခြေခံလွတ်လပ်မှု ညွှန်းကိန်း (၇) သာရှိပြီး အင်တာနက် လွတ်လပ်မှု ညွှန်းကိန်းမှာ (၉) မှတ်သာ ရရှိထားသည်။[3] နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (Reporters Without Borders) (RSF, 2023) ၏ သတင်းလွတ်လပ်မှု ညွှန်းကိန်းတွင် နိုင်ငံပေါင်း (၁၈၀) အနက် အဆင့် (၁၇၃) တွင် ရှိသည်။[4]

ဤစစ်တမ်းအတွက် မေးခွန်းပုံစံများကို ပြင်ဆင်ရာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် သမားရိုးကျထက် ကျော်လွန်သည့် ဒစ်ဂျစ်တယ် ကန့်သတ်ချက်များ၊ နေရပ်စွန့်ခွာရမှုများနှင့် မတူညီသော အုပ်ချုပ်ရေးစနစ်များအကြောင်းကို ထည့်သွင်းစဉ်းစားထားသည်။ စစ်တမ်း၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခြင်း ညွှန်းကိန်းနယ်ပယ် (Scope) ကို အဓိကအားဖြင့် (၁) အခြေခံ အခွင့်အရေးနှင့် ဘေးကင်းလုံခြုံမှု၊ (၂) ဒစ်ဂျစ်တယ်နှင့် အွန်လိုင်းနယ်ပယ်၊ (၃) သတင်းအချက်အလက် ရယူပိုင်ခွင့် နှင့် သတင်းမီဒီယာကဏ္ဍ နှင့် (၄) အင်တာနက်လွတ်လပ်ခွင့် ဟူ၍ အခန်းလေးခန်းဖြင့် သတ်မှတ်ထားပါသည်။ ယင်းနယ်ပယ်များသည် မြန်မာပြည်သူများ၏ လွတ်လပ်စွာ ပြောဆိုဖော်ထုတ်နိုင်မှုအပေါ် လက်ရှိပဋိပက္ခက မည်သို့ သက်ရောက်နေသည်ကို ဘက်စုံရှုထောင့်မှ တိုင်းတာမည်ဖြစ်သည်။

၂။ စစ်တမ်း၏ ရည်ရွယ်ချက်

ဤစာတမ်းငယ်၏ ရည်ရွယ်ချက်မှာ စစ်အာဏာသိမ်းပြီး နောက်ပိုင်း ပဋိပက္ခများရင်ဆိုင်နေရသည့် မြန်မာနိုင်ငံဒေသအသီးသီး၏ မတူညီသော အုပ်ချုပ်မှုစနစ်နှင့် အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ သတင်းရယူခွင့်၊ သတင်းတင်ဆက်ခွင့်နှင့် မီဒီယာလွတ်လပ်မှုတို့၏ အခြေအနေကို လေ့လာ သုံးသပ်ရန် ဖြစ်သည်။ ဤစာတမ်း၏ တွေ့ရှိချက်များဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် အာဏာပိုင်များကို အသိပေးလှုံ့ဆော်နိုင်ရန်လည်း ရည်မှန်းထားသည်။ ဤစစ်တမ်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကောက်ယူခဲ့ပြီး မြန်မာနိုင်ငံအနှံ့အပြားမှ မတူညီသော အုပ်ချုပ်မှုစနစ်များတွင် နေထိုင်လျှက်ရှိသည့် သတင်းထောက်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူငယ်များနှင့် ပြည်သူများ အပါအဝင် စုစုပေါင်း (၁၃၄) ဦးက ပါဝင်ဖြေဆိုထားသည်။

၃။ သုတေသန နည်းနာ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ညွှန်းကိန်းစစ်တမ်းကို အရေအတွက်ဆိုင်ရာ သုတေသနစနစ် (Quantitative Research) ဖြင့်ကောက်ယူထားပြီး KoBo Toolbox အွန်လိုင်း စစ်တမ်းဖောင်ကို အသုံးပြုထားသည်။ အွန်လိုင်း စစ်တမ်းဖောင်ကို အသံ၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များမှ တဆင့်ဖြန့်ဝေခဲ့ပြီး နိုင်ငံအနှံ့မှ ဖြေဆိုသူများ ရရှိအောင် အဆင့်အဆင့် ပြန်ညွှန်းသော နည်းလမ်းကို အသုံးပြုခဲ့သည်။

အွန်လိုင်းစစ်တမ်းဖောင် (Online Survey) တွင် မေးခွန်း ၃၅ ခုပါဝင်ပြီး မေးခွန်းအားလုံးကို ဖြေဆိုသူတဦးချင်းစီ၏ ကိုယ်ပိုင်စိတ်ခံစားမှုမှ စတင်၍ ပြင်ပမှ ထိန်းချုပ်မှုများအထိ အဆင့်ဆင့် ဖြေဆိုသွားနိုင်စေရန် စုစည်းထားသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ အုပ်ချုပ်ရေးအာဏာသည် တဦးတည်း၊ တနေရာတည်း၌ မတည်ရှိဘဲ ပိုင်းခြားမှုများရှိနေသည့်အတွက် ဤသုတေသနအတွက် ထိန်းချုပ် နယ်မြေများကို တရားဝင်အုပ်ချုပ်မှုအရ မသတ်မှတ်ဘဲ လက်တွေ့ကျသော အုပ်ချုပ်မှု အာဏာကို မူတည်၍ ကောက်ယူထားသည်။ ဤအစီရင်ခံစာတွင် စစ်တမ်းဖြေဆိုသူ နေထိုင်ရာဒေသ၌ လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးစနစ်ကို အဓိက တာဝန်ယူထိန်းချုပ်ထားသူကို မေးမြန်းထားခြင်းဖြင့် ထိန်းချုပ်နယ်မြေအဖြစ် သတ်မှတ်ထားသည်။

ထိန်းချုပ်နယ်မြေအလိုက် ခွဲခြမ်းစိတ်ဖြာရာတွင် ဖြေဆိုသူများသည် ၎င်းတို့၏ အုပ်ချုပ်သူအဖွဲ့အစည်းအပေါ် မေးခွန်းသုံးခုနှင့် ချဉ်းကပ်ခဲ့သည်။ (၁) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန် ကြိုးပမ်းမှု (Protection)၊ (၂) လက်တွေ့အားဖြင့် ကန့်သတ်ချုပ်ချယ်မှု (Restriction - In Practice) နှင့် (၃) ဥပဒေဖြင့် ကန့်သတ်မှု (Restrict by Law - Formal Control) တို့ဖြစ်သည်။ ဤသုံးချက်ဖြင့် အဖွဲ့အစည်းအသီးသီး၏ မူဝါဒနှင့် လုပ်ဆောင်ချက် အကြား ကွာဟချက်ကို ထုတ်ဖော်နိုင်ရန် ကြိုးစားထားသည်။

၄။ စိန်ခေါ်မှုများ

ဤသုတေသနကို ပြုလုပ်ရာတွင် အဓိက ကြုံတွေ့ရသည့် စိန်ခေါ်မှုမှာ အင်တာနက်နှင့် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်နေခြင်းဖြစ်သည်။ အွန်လိုင်း စစ်တမ်းဖြစ်သည့်အတွက် ဖြေဆိုသူများသည် စစ်တမ်းဖောင်ကို ရယူနိုင်လောက်သည့် အင်တာနက်လိုင်းရှိရမည်ဖြစ်သည်။ ဆက်သွယ်ရေးလိုင်းများ လုံးဝပြတ်တောက်နေသည့် ပြည်နယ်များ ဥပမာ ရခိုင်ပြည်နယ်ဆိုလျှင် ဝင်ရောက်ဖြေဆိုနိုင်သူ တဦးသာရှိသည်။ စစ်တပ်အုပ်ချုပ်မှုအောက်တွင် နေထိုင်နေကြသည့် ပါဝင်ဖြေဆိုသူများအတွက်မူ လုံခြုံရေးဆိုင်ရာ ပြဿနာများ ရင်ဆိုင်ရနိုင်သည့်အတွက် မိမိအိမ် (သို့မဟုတ်) လုံခြုံစိတ်ချရသော နေရာရောက်မှသာ စစ်တမ်းကို ဖြေဆိုရန် တိုက်တွန်းခဲ့ရသည်။

၅။ တွေ့ရှိချက်များ

၅။ (က) ဖြေဆိုသူများ၏ နောက်ခံအချက်အလက်များ

ဤစာတမ်းကို အွန်လိုင်းတွင် ဖြည့်သွင်းနိုင်သည့် ဖောင်ဖြင့် ကောက်ယူခဲ့ပြီး မြန်မာနိုင်ငံ အနှံ့အပြားမှ ဖြေဆိုသူ (၁၃၄) ဦးရှိသည်။



ပုံ (၁)။ ။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စစ်တမ်းဝင်ရောက်ဖြေဆိုသူများပြ ဇယား

၄င်းတို့အနက်မှ (၃၉.၆) % ဖြစ်သော (၅၃) ဦးသည် အမျိုးသားညီညွတ်ရေးအစိုးရ အုပ်ချုပ်သောဒေသများတွင် နေထိုင်ကြသူများဖြစ်၍ (၃၆.၆)% သို့မဟုတ် (၄၉) ဦးသည် မြန်မာစစ်တပ် စိုးမိုးရာဒေသများတွင် နေထိုင်သူများဖြစ်ကြသည်။ (၁၉.၄) % သို့မဟုတ် (၂၆) ဦးသည် တော်လှန်ရေးတပ်ဖွဲ့ဝင်များ (သို့မဟုတ်) တိုင်းရင်းသား လက်နက်ကိုင်များ စိုးမိုးရာဒေသများတွင် နေထိုင်ကြသည်။



ပုံ (၂)။ ။ ဖြေဆိုသူများ၏နေထိုင်ရာဒေသအလိုက် အုပ်ချုပ်မှု အခြေအနေ ပြဇယား



ပုံ (၃)။ ။ ဖြေဆိုသူများ၏ အသက်အရွယ်အုပ်စုပြဇယား

ဖြေဆိုသူအများစု၏ အသက်အရွယ်အုပ်စုသည် (၁၈) မှ (၃၀) နှစ်အတွင်းရှိသော လူငယ်များဖြစ်ကာ အသက် ၁၈–၂၅ နှစ် အတွင်းသည် (၄၄)% ရှိပြီး၊ ၂၆–၃၀ နှစ်အုပ်စုသည် (၃၃.၅)% ဖြစ်သည်။ ကျန်ဖြေဆိုသူများသည် အသက် (၄၀)မှ (၆၀)နှစ်အတွင်းရှိသည်။

အများစုဖြစ်သည့် (၃၁)% မှာ ကျောင်းသူ/ကျောင်းသားများဖြစ်၍ (၁၃)% သည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ NUG တွင် တာဝန်ထမ်းဆောင်နေကြသူ (၅) ဦးပါဝင်ပြီး အရပ်ဖက်အဖွဲ့အစည်းများတွင် လုပ်ကိုင်သူ (၂၃)% နှင့် သတင်းမီဒီယာများတွင် တာဝန်ထမ်းဆောင်သူ (၈)% ခန့်ပါဝင်သည်။

၅။ (ခ) လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်နှင့် အာဏာပိုင်များ၏ သဘောထား

အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်း၊အချက်အလက်များ လွတ်လပ်စွာ မျှဝေနိုင်ခြင်း ရှိမရှိ မေးမြန်းခဲ့ရာ ဖြေဆိုသူအများစုဖြစ်သည့် (၄၃)% သည် “အနည်းငယ်သာ လွတ်လပ်စွာ ပြောဆိုနိုင်ကြောင်း” ဖြေခဲ့ပြီး၊ “အပြည့်အဝ လွတ်လပ်သည်” ဟုဖြေသူ (၂၅)% ခန့်ရှိသည်။ “လုံးဝမလွတ်လပ်ပါ” ဟု ဖြေသူ (၁၉)% နီးပါးရှိသည်။



ပုံ (၄)။ ။ အင်တာနက် နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းအချက်အလက်များ လွတ်လပ်စွာ မျှဝေနိုင်ခြင်း ရှိ/မရှိ။

မိမိထင်မြင်ယူဆချက်များကို အများသိအောင် ပြောဆို၊ ရေးသားခွင့် ရှိ/မရှိမေးမြန်းခဲ့ရာ အများစု (၄၄.၅)% သည် “အနည်းငယ်သာ လွတ်လပ်ခွင့်ရှိကြောင်း” ဖြေဆိုပြီး လွတ်လပ်ခွင့်အပြည့်ရှိကြောင်း ဖြေဆိုသူ (၂၇)% ရှိသည်။ ၄င်းတို့အနက် (၁၉)% နီးပါးသည် “လွတ်လပ်မှု လုံးဝမရှိကြောင်း” ဖြေဆိုခဲ့သည်။

စစ်တမ်းဖြေဆိုသူများသည် မြန်မာနိုင်ငံအနှံ့အပြားမှ မတူညီသည့် အုပ်ချုပ်ရေးဒေသများတွင် နေထိုင်ကြသည်ဖြစ်ရာ ဖြေဆိုသူအများစု (၃၇)% ခန့်သည် ၄င်းတို့ဒေသရှိ အုပ်ချုပ်ရေး အာဏာပိုင်များ က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် လုံးဝ လေးစားမှု မရှိကြောင်း ဖြေဆိုခဲ့ပြီး၊ (၃၄)%ခန့်သည် အာဏာပိုင်များက လေးစားမှု အနည်းငယ်သာ ရှိကြောင်းဖြေဆိုခဲ့၍၊ လေးစားခွင့်ရှိကြောင်းဖြေဆိုသူ (၁၉)% ရှိသည်။

ဖြေဆိုသူအများစုနေထိုင်ရာဒေသများမှ အုပ်ချုပ်သူများသည်လွတ်လပ်စွာ ပြောဆိုခွင့်အပေါ် ကန့်သတ်ခြင်းများ ရှိပါသည်ဟု ဖြေဆိုသူ (၃၈)%ရှိ၍ အနည်းငယ်ကန့်သတ်ခြင်းရှိကြောင်းဖြေဆိုသူ (၁၉)% ရှိသည်။

ပုံ (၅) – က။ ။ဒေသခံ စီမံအုပ်ချုပ်သူများက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လေးစား၍ အကာအကွယ်ပေးခြင်း ရှိ/မရှိ





ပုံ (၅)။ ။မတူညီသော အုပ်ချုပ်ရေးအာဏာပိုင်များက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကာကွယ်ပေးခြင်းနှင့် ထိန်းချုပ်ကတ်သတ်မှုများ ပြဇယား။

မတူညီသော အုပ်ချုပ်ရေးစနစ်များအလိုက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အကာအကွယ်ပေးခြင်း၊ ထိန်းချုပ်ကန့်သတ်ခြင်း ဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်၍ကန့်သတ်ခြင်းအခြေအနေတွင် အုပ်ချုပ်ရေးစနစ်များ အားလုံးနီးပါး (အမျိုးသားညီညွတ်ရေး အစိုးရ၊ စစ်တပ်၊ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ပူးတွဲအုပ်ချုပ်သည့်နေရာများနှင့် တော်လှန်ရေး တပ်ဖွဲ့ဝင်များ (သို့မဟုတ်) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ) သည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို အကာအကွယ် ပေးမှု မရှိသလောက် ဖြစ်ပြီး အမျိုးသားညီညွတ်ရေး အစိုးရနယ်မြေများတွင်သာ အနည်းငယ် (၃၂ ရာခိုင်နှုန်းခန့်) တွေ့ရသည်။ ထိန်းချုပ်ကန့်သတ်မှုတွင် မြန်မာစစ်တပ်ထိန်းချုပ်ရာ ဒေသများတွင် ထိန်းချုပ်ကန့်သတ်မှု အများဆုံးဖြစ်ပြီး ဖြေဆိုသူ ၇၅ ရာခိုင်နှုန်းကျော်က ထိန်းချုပ်ကန့်သတ်မှုများ ရှိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရသည်။

ဖြေဆိုသူအများစုဖြစ်သည့် (၃၆.၅)% သည် ၄င်းတို့ ဒေသတွင် လွတ်လပ်စွာ စုဝေးခွင့် နှင့် ဆန္ဒထုတ်ဖော်ခွင့် လုံးဝ မရှိကြောင်း ယုံကြည်ကြပြီး၊ (၃၀)% ခန့်က ရှိသည်ဟု ယုံကြည်ကြသည်။



ပုံ (၆)။ ။ ဒေသတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိ/မရှိ

ဒေသတွင်း အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်ကြသည့် အာဏာပိုင်များကို ဝေဖန်ထောက်ပြခွင့် လုံးဝမရှိကြောင်း (၃၂)% က ဖြေဆိုခဲ့ကြပြီး ဝေဖန်ထောက်ပြခွင့်ရှိသည်ဟု ဖြေဆိုသူ (၂၅)% ရှိသည်။



ပုံ (၇)။ ။ ဒေသတွင်း အုပ်ချုပ်သူများကို ဝေဖန်ထောက်ပြခွင့် ရှိ/မရှိ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ဒေသန္တရဥပဒေများ၊ ထုတ်ပြန်ချက်များ (သို့မဟုတ်) ဥပဒေများဖြင့် အရေးယူခံရပါက ပြန်လည်ခုခံချေပခွင့် လုံးဝမရှိပါဟု ဖြေဆိုသူ (၂၉)% ရှိပြီး ခုခံချေပခွင့် ရှိသည်ဟု ယူဆသူ (၁၈)%သာရှိသည်။

ထို့ပြင် အပြစ်ပေး၊ အရေးယူခြင်းများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာ ဖြေဆိုသူအများစုဖြစ်သည့် (၄၁.၆)% သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပေါ် အုပ်ချုပ်သူများက အပြစ်ပေး၊ အရေးယူခြင်းများ ရှိပါသည် ဟုဖြေဆိုခဲ့ပြီး (၂၂)% နီးပါး က လုံးဝမရှိကြောင်းဖြေဆိုခဲ့သည်။ သို့သော် (၂၀)%သည် ထိုကိစ္စနှင့် ပတ်သက်၍ အသေအချာ မသိရှိပဲ (၁၅)%ခန့်သည် အပြစ်ပေး၊ အရေးယူမှု အနည်းငယ် ရှိကြောင်း ဖြေဆိုခဲ့သည်။



ပုံ (၈)။ ။ အုပ်ချုပ်ရေးအာဏာပိုင်များက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့်ပတ်သက်၍ အပြစ်ပေး၊အရေးယူခြင်း ရှိ/မရှိ။

၅။ (ဂ) သတင်းလွတ်လပ်ခွင့် အခြေအနေ

သတင်းတင်ဆက်မှုများကို အာဏာပိုင်များက ဆင်ဆာဖြတ်တောက်ခြင်း ရှိသည်ဟု ဖြေဆိုခဲ့သူ (၂၀)% ရှိပြီး အနည်းငယ်ရှိသည်ဟု (၁၉)% ခန့် က တုံ့ပြန်ခဲ့သည်။ (၄၀)%သည် အသေအချာ မသိကြောင်းဖြေဆိုရ၍ (၁၉)% ခန့်သည် ဆင်ဆာဖြတ်တောက်မှု လုံးဝမရှိကြောင်း ဖြေဆိုခဲ့သည်။



ပုံ (၉)။ ။ အုပ်ချုပ်ရေးအာဏာပိုင်များက သတင်းမီဒီယာများအပေါ် ဆင်ဆာဖြတ်တောက်ခြင်း ရှိ/မရှိ။

(၃၅.၇)% သော ဖြေဆိုသူများသည် ဒေသခံအာဏာပိုင်များက သတင်းထောက်များကို ဖမ်းဆီး၊ ထိန်းသိမ်းခြင်းများ ရှိသည်ဟု ဖြေဆိုပြီး (၂၈)%ခန့်သည် ဖမ်းဆီးထိန်းသိမ်းခြင်း လုံးဝ မရှိကြောင်းဖြေဆိုခဲ့သည်။ အနည်းငယ်ရှိသည်ဟုဖြေဆိုသူ (၈)% ခန့်ရှိပြီး ကျန်ရှိသော ဖြေဆိုသူများက အသေအချာ မသိရှိကြောင်း ဖြေဆိုခဲ့သည်။



ပုံ (၁၀)။ ။ အုပ်ချုပ်ရေးအာဏာပိုင်များက သတင်းမီဒီယာများ အပေါ် ဖမ်းဆီးထိန်းသိမ်းခြင်းရှိ/မရှိ။

ဖြေဆိုသူ (၃၅.၇)% ကျော်က ဒေသခံ အုပ်ချုပ်သူများအနေဖြင့် ပြည်သူတဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ကာကွယ်ခွင့်နှင့် ရပိုင်ခွင့်များ၊ ဒီဂျစ်တယ်လွတ်လပ်ခွင့် များအား ပိုမိုကောင်းမွန်အောင် အထောက်အပံ့၊ အကူအညီပြုသည့် မူဝါဒများ၊ အပြုသဘောဆောင်သည့် လုပ်ရပ်များ လုံးဝမရှိကြောင်း ဖြေဆိုထားပြီး (၂၃)% က အနည်းငယ်သာ ရှိသည်ဟုဖြေဆိုထားသည်။ ၄င်းတို့အနက်မှ (၉)%သည် အာဏာပိုင်များက အထက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်အောင် ပြုလုပ်နေသည်ဟု ယူဆသည်။

သတင်းထောက်များ၏ လွတ်လပ်စွာ သတင်းတင်ဆက်နိုင်ခွင့်ကို ဥပဒေ၊ ပြဋ္ဌာန်းချက်များဖြင့် အကာအကွယ်ပေးခြင်း လုံးဝမရှိဟု ဖြေဆိုသူ (၄၂)% ရှိပြီး အနည်းစုဖြစ်သည့် (၁၁)%သည် အကာအကွယ်ပေးခြင်း ရှိသည်ဟု ဖြေဆိုခဲ့သည်။



ပုံ (၁၁)။ ။ သတင်းထောက်များ လွတ်လပ်စွာ သတင်းတင်ဆက်နိုင်ခွင့်ကို ဥပဒေ၊ ပြဋ္ဌာန်းချက်များဖြင့် ကာကွယ်မှုပေးထားခြင်း ရှိ/မရှိ။

မြန်မာနိုင်ငံရှိပဋိပက္ခဖြစ်ပွားရာဒေသများသို့ သတင်းထောက်များ လွတ်လပ်စွာသွားရောက်သတင်းရယူခွင့် လုံးဝမရှိကြောင်း ဖြေဆိုသူ အများစုဖြစ်သည့် (၃၇)% ယုံကြည်ကြပြီး လွတ်လပ်စွာသွားရောက်သတင်းရယူခွင့် အနည်းငယ်သာ ရှိကြောင်းဖြေဆိုသူ (၂၆)% ရှိသည်။ အနည်းစုဖြစ်သည့် (၁၆.၈)% က သာ လွတ်လပ်စွာသွားရောက်သတင်းယူခွင့် ရှိကြောင်းဖြေဆိုခဲ့သည်။



ပုံ (၁၂)။ ။ ပဋ္ဌိပက္ခဖြစ်ပွားရာဒေသများသို့ သတင်းထောက်များ လွတ်လပ်စွာ သွားလာ သတင်းရယူခွင့် ရှိ/မရှိ။

သတင်းထောက်များ အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသား ဖော်ပြသူများက ၄င်းတို့၏ လုပ်ငန်းတာဝန်များကို ဘေးကင်းစွာ ဆောင်ရွက်နိုင်ခြင်း လုံးဝ မရှိကြောင်း ဖြေဆိုခဲ့သူ (၃၉)% ရှိပြီး အနည်းငယ်သာရှိကြောင်း ဖြေဆိုသူ (၁၉.၇)% ရှိသည်။

အရေးအသားများနှင့် သတင်းမျှဝေမှုများကြောင့် သတင်းထောက်များ ကို သတိပေးခြင်း (သို့မဟုတ်) ဖမ်းဆီးအရေးယူမှုများ ရှိ/မရှိမေးမြန်းခဲ့ရာ အများစုဖြစ်သည့် (၃၃)% ခန့်က ရှိကြောင်း ဖြေဆိုခဲ့ပြီး အခြား (၃၀)%က အသေအချာမသိကြောင်း ဖြေဆိုခဲ့သည်။ လုံးဝမရှိကြောင်း ဖြေဆိုသူ (၂၇)%ရှိ၍ အခြား (၉)% ခန့်က အနည်းငယ်သာရှိကြောင်း ဖြေဆိုခဲ့သည်။



ပုံ (၁၃)။ ။ အာဏာပိုင်များက သတင်းထောက်များကို အရေးအသားများနှင့် သတင်းမျှဝေမှုများကြောင့် သတိပေးခြင်း သို့မဟုတ် ဖမ်းဆီးအရေးယူခြင်းများ ရှိ/မရှိ။

သတင်းမီဒီယာကဏ္ဍအပေါ် ဖိနှိပ်မှုများရှိနေသော်လည်း ဒေသကိုယ်စားပြု သတင်းမီဒီယာများ သိသိသာသာရှိနေကြောင်းလည်း ဤစစ်တမ်းက မှတ်တမ်းတင်ခဲ့သည်။ (၅၈)% သော ဖြေဆိုသူများက ဒေသကိုယ်စားပြု သတင်းမီဒီယာ (ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ နှင့် အွန်လိုင်းသတင်းဌာန)များ ရှိသည်ဟုဖြေဆိုခဲ့ကြပြီး လုံးဝမရှိကြောင်းဖြေဆိုသူ (၁၁.၆)% ရှိသည်။



ပုံ (၁၄)။ ။ ဒေသကိုယ်စားပြု သတင်းမီဒီယာ (ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ နှင့် အွန်လိုင်းသတင်းဌာနများ) ရှိ/မရှိ။

၅။ (ဃ) ပြည်သူများ၏သတင်းအချက်အလက်ရယူပိုင်ခွင့်အပေါ် အာဏာပိုင်များ၏ အခန်းကဏ္ဍ

ဤကဏ္ဍတွင် သတင်းအချက်အလက်ရယူပိုင်ခွင့်အကြောင်းမေးမြန်းရာတွင် အင်တာနက် အသုံးပြုခြင်းကို ပိတ်ပင်ကန့်သတ်ခြင်းအကြောင်းများ အဓိကထား မေးမြန်းခဲ့ပြီး မိုဘိုင်းဒေတာဖြတ်တောက်ခြင်း၊ ဆက်သွယ်ရေးလိုင်းများပိတ်ပင်ကန့်သတ်ခြင်းနှင့် လျှပ်စစ်မီးဖြတ်တောက်ခြင်း ကိစ္စရပ်များအတွက် မေးမြန်းခဲ့သည်။

အင်တာနက်အသုံးပြုခြင်းကို အာဏာပိုင်များက ပိတ်ပင်၊ ကန့်သတ်သည်ဟုဖြေဆိုသူ (၄၁.၆)% ရှိပြီး လုံးဝမရှိကြောင်းဖြေဆိုသူလည်း (၄၀.၈)% ခန့်ရှိသည်။ အနည်းငယ်ရှိကြောင်း ဖြေဆိုထားသူ (၁၁)% ရှိပြီး (၆)% က ဤမေးခွန်းနှင့်ပတ်သက်၍ အဖြေမသိပါ။



ပုံ (၁၅)။ ။ အုပ်ချုပ်ရေးအာဏာပိုင်များက အင်တာနက်အသုံးပြုခွင့်ပိတ်ပင်ကန့်သတ်ခြင်း ရှိ/မရှိ။

၂၀၂၁ခုနှစ် စစ်အာဏာသိမ်းပြီးချိန်တွင် အများပြည်သူ၏ အင်တာနက် အသုံးပြုနိုင်မှု ပိုမိုခက်ခဲလာကြောင်းကို ထင်ဟပ်နေသည့် အချက်တချက်ကိုလည်း ဤစစ်တမ်းက သက်သေပြထားသည်။ ဖြေဆိုသူ (၇၉) % ခန့်က ဒေတာဈေးနှုန်း (သို့မဟုတ်) ဆင်းကဒ် (SIM Card) လိုအပ်ချက်ကြောင့် အင်တာနက် အသုံးပြုရန်ပိုမိုခက်ခဲလာကြောင်းဖြေဆိုထားသည်။ ဖြေဆိုသူ (၁.၄)% ခန့်ကသာ ထိုသို့အခက်အခဲမရှိကြောင်း ဖြေဆိုခဲ့သည်။



ပုံ (၁၆)။ ။ ဒေတာဘေ့စ်နှုန်း (သို့မဟုတ်) ဆင်းမ်ကဒ်လိုအပ်ချက်ကြောင့် အင်တာနက်အသုံးပြုနိုင်ရန် အခက်အခဲ ရှိ/မရှိ။

(၅၈)% သော ဖြေဆိုသူများက အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်မှ တဆင့် သတင်းအချက်အလက်များ ရယူနိုင်သည်ဟုဖြေဆိုထားပြီး (၂၃)% ခန့်က အနည်းငယ်သာရှိသည်ဟု ယူဆပြီး လုံးဝမရှိကြောင်း ဖြေဆိုထားသူ (၆)% ခန့်ရှိသည်။



ပုံ (၁၇)။ ။ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်မှတဆင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့် ရှိ/မရှိ။

၅။ (c) ပိတ်ပင်ကန့်သတ်ချက်များအပေါ် တုံ့ပြန်မှုများ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက် ရယူခွင့် နှင့် အင်တာနက် နှင့် ဆက်သွယ်ရေး အသုံးပြုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းများ ရှိသော်လည်း ၄င်း ပိတ်ပင်ကန့်သတ်ချက်များအပေါ် တုံ့ပြန်မှုများနှင့် ပတ်သက်၍လည်း မေးမြန်းခဲ့ပါသည်။

(၃၅)% သော ဖြေဆိုသူများက အမှီအခိုကင်းသည့် အဖွဲ့အစည်းများက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ အနည်းငယ်ရှိသည်ဟု ယူဆပြီး ၄င်းတို့အနက်မှ (၂၅.၅)%က အပြည့်အဝ ရှိကြောင်းဖြေဆိုခဲ့ကြသည်။

(၄၀)% က လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ အနည်းငယ်ရှိသည်ဟုဖြေဆိုပြီး လုံးဝမရှိပါဟုဖြေဆိုသူ (၂၅)% ခန့် ရှိသည်။



ပုံ (၁၈)။ ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ ရှိ/မရှိ။

ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခြင်းကို မြန်မာစစ်တပ်မှ အဓိက ဦးဆောင်လုပ်ဆောင်နေသော်လည်း သတင်းထောက်များနှင့် မီဒီယာအဖွဲ့အစည်းများ အပေါ် ကန့်သတ်၊ပိတ်ပင်ခြင်းအပါအဝင် ဖိနှိပ်ချုပ်ချယ်ခြင်းများကို မြန်မာစစ်တပ်အပြင် အခြားတော်လှန်ရေးအဖွဲ့အစည်းများကပါ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း လုပ်ဆောင်နေခြင်းများ ရှိသည်။

၅။ (စ) ဖြေဆိုသူများ၏ သဘောထားမှတ်ချက်များ

ဤစစ်တမ်းကိုဖြေဆိုသူများက ၄င်းတို့အမြင်များကိုလည်း ထုတ်ဖော်ပြောခဲ့ကြပြီး၊ အဓိကအားဖြင့် လွတ်လပ်စွာ ပြောဆိုခွင့်၊ သတင်းထုတ်ဖော်ခွင့်၊ မီဒီယာအဖွဲ့များ၏ လုံခြုံရေးနှင့် ပတ်သက်ပြီး စိန်ခေါ်ချက်များရှိကြောင်း ဖော်ပြခဲ့ကြသည်။

တချို့က သတင်းအတွက် လူ့အခွင့်အရေး၊ လိုင်တန်းတူရေး၊ ပြည်သူ့အသံအရေးယူမှု စသည့် အကြောင်းအရာ များကို ထုတ်ဖော်ရန်တောင်းဆိုခဲ့ကြသည်။

သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့် ပတ်သက်ပြီး စစ်ကိုင်းတိုင်း၊ မုံရွာမြို့မှ ဖြေဆိုသူတဦးက ၄င်းနေထိုင်ရာ ဒေသတွင် သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီ သိရှိနိုင်သော်လည်း အနီးအနားရှိ အခြားမြို့မှ ဒေသခံများက သတင်း အချက်အလက်များ မသိရှိနိုင်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ထို့ပြင် စစ်ကိုင်းတိုင်း၊ ကသာမြို့ မှ အခြားဖြေဆိုသူတဦးက "မိမိတို့ ဒေသမှာ သတင်းလွတ်လပ်ခွင့် ဆိုးရွားစွာ ဖိနှိပ်ခံထားရသည်" ဟုမှတ်ချက်ပြုခဲ့သည်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ ဒေသခံတဦးက "သတင်းအချက်အလက်သည် စစ်ဖြစ်ပွားရာဒေသများတွင် လူထုအတွက် အသက်သွေးကြောဖြစ်သည်" ဟု မှတ်ချက်ပြုခဲ့သည်။ မြစ်ကြီးနားမြို့မှ အခြား ဒေသခံတဦးက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လုံးဝမရှိကြောင်း၊ သတင်းထောက်များ၊ သတင်းဌာနများနှင့် တက်ကြွလှုပ်ရှားသူများ နေထိုင်ရန်မဖြစ်တော့ကြောင်း မှတ်ချက်ပြုခဲ့ပြီး၊ ၄င်းက "လူထုကိုယ်တိုင်ကလည်း အပြင်သွားရင်တောင် ဖုန်းကိုင်မသွားရဲတဲ့ အနေအထားပါ" ဟု ပြောသည်။

မြန်မာစစ်တပ်၏ အုပ်ချုပ်ရေးယန္တရား အောက်တွင် နေထိုင်နေရသည့် အခြား ဖြေဆိုသူတဦးက "ဒီမြို့က စစ်အုပ်ချုပ်ရေး လက်အောက်မှာ ရှိနေတာကြောင့်မို့ Social Media ပေါ်မှာတောင် ထင်မြင်ချက် တစုံတခုမရေးရဲတဲ့ အခြေအနေပါ၊ ကိုယ့်လုံခြုံရေး အခြေအနေကြောင့်သာရေငုံနှုတ်ပိတ်ပြီး နေနေကြရတဲ့ သူတွေ အများကြီး ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

၆။ ဆွေးနွေးချက်

တွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေသည် အုပ်ချုပ်မှု အဖွဲ့အစည်း အပေါ် မူတည်၍ ကွာဟနေသည်ကို ရှင်းလင်းစွာ တွေ့ရသည်။ မြန်မာစစ်တပ်က တိုက်ရိုက်အုပ်ချုပ်နေသော ဒေသများနှင့် မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကေအိုင်အေတို့ ပူးတွဲအုပ်ချုပ်ရာနေရာဖြစ်သည့် ကချင်ပြည်နယ်

ဒေသတချို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မရှိခြင်း၊ ဥပဒေများဖြင့် ကန့်သတ်ထားခြင်းပိုမိုများပြားကြောင်း ရှင်းလင်းစွာ မြင်ရသည်။ အသံအဖွဲ့မှ ဆောင်ရွက်နေသာ အခြား မီဒီယာစောင့်ကြည့် ဒေတာ ကောက်ယူမှုများတွင်လည်း ပြည်သူလူထုသည် ၎င်းတို့၏ အထင်အမြင်အယူအဆကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်လွန်စွာ နည်းပါးနေပြီး သတင်းထောက်များ၊ အနုပညာရှင်များအပြင် သာမန်ပြည်သူများသည်ပင် ၎င်းတို့၏ ထင်မြင်ယူဆချက် တခုခု ဖော်ထုတ်မိသည့်အတွက်ဖြစ်စေ၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဝေဖန်ထောက်ပြခြင်းမပါသည့် နှစ်သက်မှုတခုကို ရွေးချယ်မိခြင်းကြောင့်ပင် စစ်တပ်က ထောင်ချ အရေးယူမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

အမျိုးသား ညီညွတ်ရေး အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေများသည် စစ်တပ်ထိန်းချုပ်နယ်မြေများနှင့် နှိုင်းယှဉ်ပါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အနည်းငယ် ရှိသည်ဟု ယူဆနိုင်စရာရှိသော်လည်း လက်တွေ့ စစ်တမ်းအချက်အလက်များအရ ၎င်းနယ်မြေများ၌လည်း လုံးဝလွတ်လပ်မှု ရှိသည်ဟု မဆိုနိုင်ပေ။ အထူးသဖြင့် စစ်ရေးဆိုင်ရာ လုံခြုံရေးနှင့် တော်လှန်ရေးစည်းမျဉ်းများကို အကြောင်းပြု၍ "လက်တွေ့ကန့်သတ်မှု" (Restriction) နှင့် "ဥပဒေဖြင့် ကန့်သတ်မှု" (Restrict by Law) အချို့ဆက်လက် တည်ရှိနေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်မှု ညွှန်းကိန်းနှင့် အခြေခံလွတ်လပ်မှု ညွှန်းကိန်းတို့သည် အောက်ဆုံးနီးပါးအထိ ရောက်ရှိနေပြီး ပြည်သူများသည် လူမှုကွန်ရက်ပေါ်တွင်ထင်မြင်ချက်တခုပင် လွတ်လပ်စွာမရေးရဲသည့် အနေအထားပင်ဖြစ်သည်။ စစ်ပွဲများဖြစ်ပွားနေသည့် ကချင်ပြည်နယ်ရှိ စစ်တပ်အုပ်ချုပ်နေဆဲ မြစ်ကြီးနားမြို့မှ ဒေသခံတစ်ဦးက **"သတင်း အချက်အလက် သည် စစ်ဖြစ်ပွားရာဒေသများတွင် လူထုအတွက် အသက်သွေးကြောဖြစ်သည်..."** ဆိုသည့် ပြောကြားချက်ကို ကြည့်ခြင်းအားဖြင့် ပြည်သူလူထု၏ သတင်းမီဒီယာဆိုင်ရာ အသိရေချိန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအပေါ် စိတ်ဝင်စားမှု အရှိန်မြင့်တက်နေကြောင်း သိနိုင်သည်။ Starlink ကဲ့သို့သော ဂြိုလ်တုဆက်သွယ်ရေးစနစ်များကြောင့် ကန့်သတ်ချက်များကြားမှ သတင်းအချက်အလက် ရယူနိုင်သည့် အနေအထားများ ရှိလာသည်။

၇။ နိဂုံးချုပ်

ဤ "လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့် ညွှန်းကိန်း စစ်တမ်း" မှ အချက်အလက်များအရ စစ်အာဏာရှင်၏ အမည်ခံ ဥပဒေထုတ်ပြန်တားမြစ်မှုနှင့် လုံခြုံရေး အန္တရာယ်များသည် ပြည်သူများ၏ လွတ်လပ်စွာပြောဆိုခွင့်နှင့်

သတင်းလွတ်လပ်ခွင့်တို့သည် ထိပါးနေကြောင်း ညွှန်ပြနေသည်။ ဖြေဆိုသူအများစုသည် “အနည်းငယ်သာ လွတ်လပ်စွာ ပြောဆိုနိုင်ကြောင်း” ဖြေခဲ့ပြီး၊ အချို့ဒေသများတွင် သတင်းထုတ်ဖော်မှုနှင့် ပြောဆိုခွင့်ကို လုံးဝ တားမြစ်ခံ နေရကြောင်း တွေ့ရသည်။ ထိုပြင် သတင်းမီဒီယာအဖွဲ့အစည်းများနှင့် သတင်းထောက်များသည် အုပ်ချုပ်သူများထံမှ ဖိအားများ၊ နှင့် လုံခြုံရေးအန္တရာယ်များကြားမှ သတင်းလုပ်ငန်းများ လုပ်ဆောင်နေကြရသည်။

စစ်တပ်က အင်တာနက်ဖြတ်တောက်ထားသည့် တော်လှန်ရေးခုခံစစ်ဖြစ်ပွားရာ အချို့ဒေသများတွင် ဆက်သွယ်ရေးလိုင်းများ အတန်အသင့် ရှိနေသေးပြီး Starlink ကဲ့သို့သော ဂြိုလ်တုဆက်သွယ်ရေးစနစ်များ ကြောင့် ကန့်သတ်ချက်များ ဖြင့် သတင်းအချက်အလက်များရယူ ဆက်သွယ်နိုင်သည်။ သို့သော်တနိုင်ငံလုံးအတိုင်းအတာဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်ရယူပိုင်ခွင့် မှာ များစွာ တင်းကြပ်ခံထားရသည်။

၈။ အကြံပြုချက်များ

- အမျိုးသား ညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအတွက် - မိမိတို့၏ ထိန်းချုပ်နယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အကာအကွယ်ကို စံနှုန်းသတ်မှတ်ချက်များ (Code of Conduct) နှင့် ဥပဒေများဖြင့် ပိုမိုခိုင်မာစွာ ပြဋ္ဌာန်းကျင့်သုံးပြီး ပြည်သူ၏ ယုံကြည်မှုကို ထိန်းသိမ်းရမည်။

- နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် - မြန်မာ့လွတ်လပ်သော မီဒီယာများ ရပ်တည်နိုင်ရေးအတွက် ဘဏ္ဍာရေး အထောက်အပံ့များကို ရေရှည်တည်တံ့စေမည့် ပုံစံဖြင့် ဆက်လက် ပံ့ပိုးပေးရန်။

- နည်းပညာ ပံ့ပိုးမှုအတွက် - ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရသည့် ဒေသများတွင် သတင်း အချက် အလက် စီးဆင်းမှု မရပ်တန့်စေရန်အတွက် နည်းပညာ အထောက်အပံ့များကို တိုးမြှင့် ပံ့ပိုးရန်။

၉။ ကိုးကား

1. United Nations. (1948). *Universal Declaration of Human Rights*. https://www.un.org/

2. Amnesty International. (2022). *Myanmar: Repression of dissent since the coup*. https://www.amnesty.org/

3. Freedom House. (2024). *Freedom in the World 2024: Myanmar*. https://freedomhouse.org/

4. Reporters Without Borders. (2023). *2023 World Press Freedom Index*. https://rsf.org/